**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

**စတုတ္ထနေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်**

**( ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၉.၉၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂၅-၅-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးပူဂင်ကမ်းလျန် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတက်ရောက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း၊ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီ မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ မိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး တက်ရောက်ရန်။ ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါက်တာ ပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်ပခရီးစဉ်။ ဗိုလ်မှူးကြီးအုန်းချို တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီး

မြင့်သိန်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၃၈)ဦး ဖြစ်ပြီး၊ စုစုပေါင်းခွင့်ပန်ကြားသူ(၄၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(င)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝကျေးရွာနှင့် ဒိုးချောင်းဝကျေးရွာတို့ရှိ အခြေခံပညာအလယ်တန်း ကျောင်းတို့အား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝကျေးရွာနှင့် ဒိုးချောင်းဝကျေးရွာတို့ရှိ အခြေခံပညာအလယ်တန်းကျောင်းတို့အား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဇေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍတွင် ပညာရေးသည် အရေးပါဆုံး အခန်းကဏ္ဍတစ် ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ မိမိတို့ချင်းပြည်နယ်သည် နှစ်စဉ်နှစ်တိုင်း ပညာရေးဘက်တွင် တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် နိမ့်ကျနေသည်ကို တွေ့ရှိရပါသည်။ ပညာရေးဘက်တွင် အလေးပေး ဆောင်ရွက်ပေးဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြလိုပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း (၃၀၀၀)ကျော် ကျယ်ဝန်းသော မြို့နယ်တစ်ခုလည်း ဖြစ်ပါသည်။ ပထဝီအနေအထားအရ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲပြီး ပညာရေးအခွင့်အလမ်း အလွန်နည်းပါးနေသေးသော ဒေသတစ်ခုလည်း ဖြစ်ပါသည်။ မိမိတို့၏သားသမီးများကို အထက်တန်းကျောင်း ထားနိုင်ရေးအတွက် အလွန်ရုန်းကန်နေရရှာသော အနေအထားလည်း ဖြစ်ပါသည်။ မိမိတို့ ပလက်ဝမြို့နယ်တွင် အထက်တန်းကျောင်း(ခွဲ)များ အလွန်နည်းပါးနေလျက် ရှိပါသေးသည်။ ယခုတင်ပြထားသော ကျောင်းများသည် အထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးရန် အလားအလာအရှိဆုံး ကျောင်းများ ဖြစ်ပါသည်။

အဆိုပါကျောင်းများအား ကိုယ်တိုင်ကွင်းဆင်းလေ့လာခဲ့မှုအရ ကျောင်းသားအင်အားပြည့်မီခြင်း၊ ကျောင်းအဆောက်အဦများလည်း အသင့်အတင့်ကောင်းမွန်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ပင်မကျောင်းနှင့်လည်း မိုင်အားဖြင့် (၁၀)ကျော်ကွာဝေးပြီး ပလက်ဝမြို့စာစစ်ဌာနနှင့်လည်း အလွန်ဝေးကွာသောဒေသတွင် တည်ရှိနေခြင်းတို့ပင်ဖြစ်ပါသည်။ ကွမ်းချောင်းဝကျေးရွာတွင် အိမ်ခြေ (၁၂၀)ရှိပြီး ဝန်းရံကျောင်း(၁၀)ကျောင်း၊ ဒိုးချောင်းဝကျေးရွာတွင် အိမ်ခြေ(၂၃၀)ရှိပြီး ဝန်းရံကျောင်း (၁၂)ကျောင်း ရှိပါသည်။ ယခုတင်ပြထားသော ကျောင်း(၂)ကျောင်း၏ အဆင့်တိုးမြှင့် အမှုတွဲများကိုလည်း သက်ဆိုင်ရာဌာနသို့ အဆင့်ဆင့် တင်ပြထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝကျေးရွာ အ-လ-က ကျောင်းနှင့် ဒိုးချောင်းဝကျေးရွာ အ-လ-ကကျောင်းတို့အား အထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ နတ်တလင်းမြို့နယ်၊ တာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိ တစ်ထပ်ကျောင်းဆောင်ဟောင်းကို ဖျက်၍ SS 26 (၂၀၀x၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ နတ်တလင်းမြို့နယ်၊ တာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိ တစ်ထပ်ကျောင်းဆောင်ဟောင်းကို ဖျက်၍ SS 26 (၂၀၀x၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရတာဝန်ရှိသူများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ တာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းဟာ အန္တရာယ်ရှိ တစ်ထပ်အဆောင် အဟောင်းများဖြစ်ပြီးတော့ SS 26 ပေ(၂၀၀x၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်မှာ စတင်အကောင်အထည်ဖော်မည်ဆိုသည်ကို သိလိုတဲ့ ကိစ္စဖြစ်ပါတယ်။ တာပွန်မြို့ရဲ့ အခြေခံပညာအထက်တန်းကျောင်းဟာ အထက်တန်းကျောင်းသား(၂၅၇)ဦး၊ အလယ်တန်းကျောင်းသား (၆၃၅)ဦးနှင့် မူလတန်းကျောင်းသား (၁၀၉၈)ဦး တက်ရောက်ပညာသင်ကြားနေကြပါတယ်။ အဲဒီကျောင်းရဲ့ ပင်မအဆောင် (၅/၁၀) နှင်းဆီဆောင်ကို ၁၉၇၉ ခုနှစ်မှာ ဆောက်လုပ်ပြီး၊ (၆/၁၀) စကားဝါဆောင်ကို ၁၉၈၃ ခုနှစ်မှာ ဆောက်လုပ်ခြင်းနှင့် (၇/၁၀)နန်းလုံးကြိုင်အဆောင်ကို ၁၉၉၀ ခုနှစ်မှာ ဆောက်လုပ်ခဲ့ပါတယ်။ သမံတလင်းအခင်းနှင့် စကြီးမြေညီထပ်က (၂၃၄x၂၇)ပေစီရှိတဲ့ တစ်ထပ်ကျောင်းဆောင်များ ဖြစ်ပါတယ်။ ယနေ့ကာလထိဆိုလျှင် အဆောင်တည်ဆောက်ထားတဲ့ ကာလဟာ နှစ်ပေါင်း(၃၈)နှစ်၊ (၃၄)နှစ်နှင့်(၂၇)နှစ် အသီးသီးရှိကြပါတယ်။ လက်ရှိ ပင်မဆောင်များဖြစ်တဲ့ နှင်းဆီဆောင်မှာ စာသင်ခန်း(၄)ခန်း၊ စကားဝါဆောင်မှာ စာသင်ခန်း(၅)ခန်း၊ နန်းလုံးကြိုင်ဆောင်မှာ စာသင်ခန်း(၄)ခန်း စုစုပေါင်း(၁၃)ခန်းရှိပြီး၊ ကျောင်းသားဦးရေနှင့် ဆရာ၊ ဆရာမ(၂၂)ဦး၊ မူလတန်းကျောင်းသား (၁၀၉၈)ဦးဟာ ဆရာ၊ ဆရာမ (၄၅)ဦး သင်ကြားပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းရဲ့အခြေအနေကို Power Point ထိုးပြခွင့်ပြုဖို့ ခွင့်တောင်းပါတယ်။ တည်ဆောက်ထားတဲ့ တစ်ထပ်ကျောင်းဆောင်များရဲ့ ဥပမိရုပ်ကို ကြည့်မည်ဆိုရင် မူလအခြေခံအုတ်မြစ်ချကတည်းက စံကိုက်၊ စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ခဲ့ခြင်းမရှိဘူး။ အစိုးရ ကြီးကြပ်သူကိုယ်တိုင်က မိမိကိုယ်ကျိုးအတွက် အဂတိမကင်းစွာနဲ့ မျက်နှာလွှဲလုပ်ကာ ကန်ထရိုက် လုပ်ချင်သလိုလုပ်ခွင့် ပြုထားသလို ဖြစ်နေပါတယ်။ မြေနိမ့်ပိုင်းများကို နုန်းမြေများနဲ့ ဖို့ခဲ့တယ်။ အဆောင်သွပ်မိုးတန်း၊ ဒိုင်းမြားတန်းများကို သစ်မာဖြင့်မလုပ်ဘဲ တချို့နေရာတွေမှာ ပြိုကျလို့ ဒေါက်တိုင်များ ခံထားရတယ်။ အုတ်ညှပ်အကာများ ယိုင်ရွဲ့ပျက်စီးခြင်း၊ မျက်နှာကြက်များ ပျက်စီးနေခြင်း၊ စတာတွေကို လက်တွေ့မြင်တွေ့ရတဲ့အတွက် အဆိုပါ အဆောက်အဦများဟာ အန္တရာယ်ရှိ အဆောက်အဦ ဖြစ်နေကြောင်း ကွင်းဆင်းစစ်ဆေး ကြည့်ရှုသင့်ပါတယ်။ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများအတွက် လုံခြုံမှုကို ထည့်သွင်းစဉ်းစားရမှာမို့ မြို့နေပြည်သူများကလည်း သဘာဝဘေးအန္တရာယ် ကျရောက်လာမယ်ဆိုရင် မတွေးဝံ့စရာများ ခံစားကြရမှာ အမှန်ဖြစ်ပါတယ်။ နောင်အလားတူ ဖြစ်ရပ်မျိုး မကြုံရအောင် ကုမ္ပဏီ၊ ကန်ထရိုက်တွေကို ချပေးမယ်ဆိုရင်လည်း စာချုပ်စာတမ်း ခိုင်ခိုင်မာမာနဲ့ အာမခံပေးနိုင်သူကိုပဲ ဦးစားပေးရွေးချယ်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဒါကြောင့် SS 26 ပေ(၂၀၀x၃၀) RC နှစ်ထပ်ကျောင်းဆောင်အသစ် ပြန်လည်တည်ဆောက်ပေးဖို့ အစီအစဉ် ရှိ/မရှိ၊ နိုင်ငံတော်သမ္မတရဲ့ အထူးရန်ပုံငွေဖြင့် တည်ဆောက်ပေးနိုင်ရန် အခွင့်အရေးရှိ/မရှိနှင့် မည်သည့်ကာလမှာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဆိုတာကို တာပွန်မြို့ပြည်သူများက သိလိုသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အစိုးရတာဝန်ရှိသူကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

နတ်တလင်းမြို့နယ် တာပွန်မြို့ (အ.ထ.က)ကျောင်း တစ်ထပ်ကျောင်းဆောင်အဟောင်းများ၏ အတွင်းပိုင်းမြင်ကွင်းပုံ (င)



နတ်တလင်းမြို့နယ် တာပွန်မြို့ (အ.ထ.က)ကျောင်း တစ်ထပ်ကျောင်းဆောင်အဟောင်းများ၏ အတွင်းပိုင်းမြင်ကွင်းပုံ (င-၁)



နတ်တလင်းမြို့နယ် တာပွန်မြို့ (အ.ထ.က)ကျောင်း တစ်ထပ်ကျောင်းဆောင်အဟောင်းများ၏ အတွင်းပိုင်းမြင်ကွင်းပုံ (င-၂)



**ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါး(၂)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း က ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါး(၂) ရပ်ကွက် အခြေခံပညာ မူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးစောစိန်ထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာလျက်ရှိပါစေလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောစိန်ထွန်း ပဲ ဖြစ်ပါတယ်။ ဒီကနေ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်း ကတော့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒီးမော့ဆိုကျေးရွာအုပ်စု ဒေါင်ခါး(၂)အခြေခံပညာမူလတန်း လွန်ကျောင်းကို အလယ်တန်းကျောင်းသို့ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ထိုကဲ့သို့ ကျွန်တော်မေးမြန်းရခြင်းရဲ့ အကျိုးအကြောင်းကတော့ ဒေါင်ခါး(၂) အခြေခံပညာမူလတန်းကျောင်းကို ကျွန်တော်တို့ပြန်ကြည့်မယ်ဆိုရင် ၁၉၉၁ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ကျောင်းမြေဧရိယာဟာ (၅.၃၃) ဧကရှိပါတယ်။ ကျောင်း၏စာသင်ကျောင်းအဆောင်မှာကျတော့ အလျား(၁၂၀x၃၀)ပေ (၃)ဆောင်ရှိပါတယ်။ (၆၀x၃၀)ပေ (၁)ဆောင်ရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းသူ ကျောင်းသားဦးရေကို ပြန်လည်ကြည့်တဲ့အချိန်မှာ သူငယ်တန်း (၈၉)ဦး၊ ပထမတန်း(၇၆)ဦး၊ ဒုတိယတန်း(၆၃)ဦး၊ တတိယတန်း(၆၄)ဦး၊ စတုတ္ထတန်း(၅၆)ဦး၊ ပဉ္စမတန်း (၅၆)ဦး၊ ဆဋ္ဌမတန်း(၅၃)ဦး၊ သတ္တမတန်း(၄၀)ဦး စုစုပေါင်း(၄၉၇)ဦး ရှိခဲ့ပါတယ်။ တန်းခွဲများအနေနှင့် ပြန်ကြည့်မယ်ဆိုရင် သူငယ်တန်း(၂)ခန်း၊ ပထမတန်း(၂)ခန်း၊ ဒုတိယတန်း(၁)ခန်း၊ တတိယတန်း(၁)ခန်း၊ စတုတ္ထတန်း(၁)ခန်း၊ ပဉ္စမတန်း(၁)ခန်း၊ ဆဋ္ဌမတန်း(၁)ခန်းနှင့် သတ္တမတန်း(၁)ခန်း အခန်းခွဲ စုစုပေါင်း (၁၀)ခန်းရှိခဲ့ပါတယ်။ ဝန်ထမ်းတာဝန်ထမ်းဆောင်တဲ့ ဆရာ၊ ဆရာမ ဦးရေပေါင်း၊ ပညာရေးဝန်ထမ်းပေါင်း (၉)ဦး ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျောင်းကို ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်က ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် လိုအပ်သော စာရေးကိရိယာ၊ ကျောင်းပရိဘောဂများကို ကျွန်တော်တို့ တည်ဆောက်ပေးခဲ့ပါတယ်။ ကျောင်းကိုပြန်ကြည့်မယ်ဆိုရင် သင့်တင့်တဲ့ ကျယ်ဝန်းတဲ့ အနေအထား ရှိခဲ့ပါတယ်။ အဲဒီကျေးရွာ၊ ရပ်ကွက်မှာဆိုရင် အိမ်ခြေပေါင်း(၄၂၀)ကျော်ရှိသည့်အပြင် အနီးအနား ရပ်ကွက်များ၊ ကျေးရွာများကလည်း ဒီကျောင်းကို တက်ရောက်ပညာသင်ကြားနေကြတာ တွေ့ရှိခဲ့ပါတယ်။ နှစ်စဉ် ကျောင်းသူ၊ ကျောင်းသားဦးရေ တိုးပွားလာလျက် ရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ရဲ့ ကျောင်းသူ၊ ကျောင်းသားစာရင်း ပြန်လည်ကြည့်မယ်ဆိုရင် လက်ရှိ ကျွန်တော် သိရှိရတဲ့ သတင်းအရ (၅၂၃)ဦး တိုးချဲ့လာတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဒေါင်ခါး(၂) ရပ်ကွက်မှာရှိတဲ့ ရပ်ရွာပြည်သူလူထုများဟာ ပြန်လည်ဆန်းစစ်တဲ့အချိန်မှာ ပညာကိုအားပေးတဲ့ ရပ်ရွာသားများ ဖြစ်ပါတယ်။ မိမိကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုများနှင့် ကွင်းဆင်းသောအချိန်မှာ မိမိ၏ကျောင်းကို အဆင့်မြှင့်တိုးချဲ့ပေးဖို့ မကြာခဏ တောင်းဆိုထားတာကိုလည်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ဒေါင်ခါး(၂) အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းသို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တစ်ဆက်တစ်စပ်တည်း မေးမြန်းလိုသည်မှာ ၎င်းကျောင်းသည် ပညာရေးဝန်ထမ်းများ အားနည်းနေကြောင်း တွေ့ရပါတယ်။ ထို့ကြောင့် ပညာရေးဝန်ထမ်းများကိုလည်း တိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဌေ့တင်း ရဲ့ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝကျေးရွာနှင့် ဒိုးချောင်းဝကျေးရွာတို့ရှိ အခြေခံပညာ အလယ်တန်းကျောင်းတို့အား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်း၍ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း သတ်မှတ် မှုများနှင့် ကိုက်ညီသော အခြေခံပညာကျောင်းပေါင်း(၉၃၇)ကျောင်း၊ သတ်မှတ်မှုနဲ့ ပြည့်မီရန်လိုအပ် စေကာမူ မူအားဖြင့် ဖြေလျှော့ပေးခဲ့သော အခြေခံပညာ ကျောင်းပေါင်း(၂၃၇၅)ကျောင်း၊ စုစုပေါင်း အခြေခံပညာ (၃၃၁၂)ကျောင်း အဆင့်တိုးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ပေးတဲ့ နေရာမှာ ပလက်ဝမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း(ခွဲ)ပေါင်း (၂၇)ကျောင်း၊ အခြေခံပညာမူလတန်း လွန်ကျောင်း (၁၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၈)ကျောင်းနဲ့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)(၁)ကျောင်း စုစုပေါင်း(၄၉)ကျောင်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပါကြောင်း ဦးစွာ တင်ပြပါတယ်။

ကျွန်တော်တို့ မူအားဖြင့် အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အဖြစ်သို့ အဆင့်တိုးမြှင့်ရန် အလယ်ဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၃၀၀)ဦးနှင့် အထက်ရှိရပါမယ်။ သွားလာမှုခက်ခဲသော ဒေသများ၊ သဘာဝဘေးအန္တရာယ်အတားအဆီးရှိသော ဒေသများဖြစ်ပါက ပင်မကျောင်းနှင့် တစ်ဆင့်မြင့်ကျောင်းများနှင့် ခရီးအကွာအဝေး(၂)မိုင်အထက် ဝေးခြင်း သို့တည်းမဟုတ် သွားလာမှုလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း သို့မဟုတ် တစ်ဆင့်မြင့်ကျောင်းနှင့် ခရီးအကွာအဝေး(၃)မိုင်အထက်ကျော်လွန်သော ဒေသများကို ဦးစားပေး ဆောင်ရွက်လျက် ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝ(၁) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှာ စုစုပေါင်း အလယ်ဆင့်သင်ကျောင်းသား(၁၀၁)ဦးသာ ရှိပါတယ်။ ဒိုးချောင်းဝကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် စုစုပေါင်းအလယ်ဆင့်သင် ကျောင်းသား(၁၈၀)ဦးသာရှိပါတယ်။ သို့သော် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ စိစစ်ချက်အရ လည်းကောင်း၊ ကိုယ်စားလှယ်တော်ကြီး တင်ပြချက်အရလည်းကောင်း သွားလာမှုခက်ခဲကြောင်း တွေ့ရှိ

ရပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါ ကျောင်း(၂)ကျောင်းလုံးကို ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ပါရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်၍ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်သိန်း ရဲ့ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ နတ်တလင်းမြို့နယ်၊ တာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိတစ်ထပ်ကျောင်းဆောင်ဟောင်းကိုဖျက်၍ SS 26 (၂၀၀x၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေ လျာထားချက်မှာ ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)၊ နတ်တလင်းမြို့နယ်အတွက် ငွေကျပ်သန်းပေါင်း(၃၄၅)သန်း လျာထားခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ တင်ပြပါကျောင်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ နတ်တလင်းမြို့နယ်၊ တာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းမှာ မူလတန်းကျောင်းဆောင်(၁)ဆောင် (၆၀x၃၀)ပေ ပျဉ်ထောင်ကာ (၁)ဆောင်၊ မူလတန်းဆောင် (၁၂၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ဆောင်၊ သိပ္ပံဆောင် (၆၀x ၃၀)ပေ (၁)ဆောင်၊ စံပယ်ဆောင်(၁၅၃x၃၂)ပေ (၁)ဆောင်၊ နှင်းဆီဆောင်(၁၃၂x၂၆)ပေ (၁)ဆောင်၊ စကားဝါဆောင်(၁၃၀x၃၀)ပေ အုတ်ညှပ်(၁)ဆောင်၊ နန်းလုံးကြိုင်ဆောင် (၁၂၇x၂၆)ပေ (၁)ဆောင်၊ သဇင်ဆောင် (၁၅၃x၃၀)ပေ(၁)ဆောင်၊ နောက်တစ်ခါတိုးချဲ့ဆောင်ဖြစ်တဲ့ ရွှေရတုဆောင် (ဟောခန်းမ) (၁၂၀x၃၂)ပေ (၁)ဆောင်၊ နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွ ရန်ပုံငွေခွဲဝေပေးပြီး အသစ်ဆောက်လုပ်ပြီးတဲ့ မြရတုဆောင် (၁၂၀x၃၀)ပေ Steel Structure (၁)ဆောင် အားလုံးပေါင်း (၁၁)ဆောင် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒီ ကျောင်းဆောင်များအားလုံးရဲ့ စုစုပေါင်းဧရိယာမှာ (၂၄၁၈၂)စတုရန်းပေ ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီနတ်တလင်းမြို့နယ်၊ တာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွ (၂၀၀x၃၀)ပေ RC(၂)ထပ်ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် တင်ပြထားတာရှိပါတယ်။ သို့သော် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ခွဲဝေရရှိသည့် ဘဏ္ဍာငွေပေါ်မူတည်၍လည်းကော၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ စီစဉ်ကြီးကြပ်မှုအရလည်းကောင်း၊ သတ်မှတ်ထားတဲ့ ဦးစားပေးအစီအစဉ်အရ၊ ထိုကျောင်းမှာ (၁၂၀x၃၀) ပေ Steel Structure (၁)ဆောင် (မြရတုဆောင်)အဖြစ် ဆောက်လုပ်ရန်၊ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှတွင် ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ်(၄၆.၈)သန်း ခွဲဝေလျာထားခဲ့ပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီကို လုပ်ငန်းအပ်နှံခဲ့ပါတယ်။ အခု အစီရင်ခံတဲ့အချိန်မှာ လုပ်ငန်းဆောင်ရွက်မှု (၁၀၀)ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းသိရှိရပြီး မကြာခင် ပညာရေးဝန်ကြီးဌာနကို လွှဲပြောင်းအပ်နှံရန် စီစဉ်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစောစိန်ထွန်း ရဲ့ မေးခွန်းဖြစ်သော ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒီးမော့ဆိုကျေးရွာအုပ်စု၊

ဒေါင်ခါး(၂)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး တင်ပြမှာဖြစ်ပါတယ်။

ဒီအခြေခံပညာကျောင်းများအဆင့်တိုးမြှင့်ရန်မှာ ဒီးမော့ဆိုမြို့နယ်အနေဖြင့် အခြေခံပညာ မူလတန်းကျောင်း(ခွဲ)(၄)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း(၈)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ပေါင်း(၂)ကျောင်း၊ အခြေခံပညာအထက်တန်း ကျောင်းပေါင်း(၁)ကျောင်း စုစုပေါင်း အခြေခံပညာ (၁၅)ကျောင်း အဆင့်တိုးမြှင့်ပေးပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီတော့ ခုနက ဒုတိယမေးခွန်းမှာ ကျွန်တော် တင်ပြထားခဲ့တဲ့အတိုင်း အဆင့်တိုးမြှင့်ပေးဖို့အတွက် မူများ သတ်မှတ်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ အဆင့်တိုးမြှင့်ရာမှာ မူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်း ကျောင်းကို တိုက်ရိုက်တိုးမြှင့်ခြင်းမပြုသေးဘဲနဲ့ အရင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်ကို ဦးစွာ တိုးမြှင့်ဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါ ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါး (၂)အခြေခံပညာမူလတန်းလွန်ကျောင်းမှာ လက်ရှိအားဖြင့် စုစုပေါင်း အလယ်ဆင့်သင်ကျောင်းသား၊ ကျောင်းသူ(၁၄၉)ဦးသာ ရှိပါတယ်။ ဒါ့အပြင် ပင်မကျောင်း၊ တစ်ဆင့်ခံကျောင်းနှင့် ကုန်းလမ်းခရီး (၆)ဖာလုံ အကွာလေးသာရှိတဲ့အတွက် ယခု ပညာသင်နှစ်မှာတော့ အဆင့်တိုးမြှင့်ပေးရန် ဦးစားပေး အဖြစ် သတ်မှတ်ဆောင်ရွက်ထားခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော် ဖြည့်စွက်ပြီး တင်ပြလိုတာကတော့ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကျေးဇူးဖြစ်ပါတယ်။ ဒါ ပြီးခဲ့တဲ့ ဘဏ္ဍာရေး ဘဏ္ဍာငွေခွဲဝေသတ်မှတ်မှုမှ လွှတ်တော်(၂)ရပ်ပေါင်း ကိုယ်စားလှယ်ကြီးများရဲ့ စောင့်ရှောက်မှု၊ ပံ့ပိုးမှုနဲ့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက ဒါ ယခင်နှစ် ကထက်စာရင် ဘဏ္ဍာ‌ေ တိုးတက်ရရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ မှာ ကျွန်တော် စောစောက အစီရင်ခံတဲ့အတိုင်းပဲ ဒီသတ်မှတ်ချက်နဲ့ ကိုက်ညီတာ ကျောင်း(၉၀၀)၊ သို့သော် ကျွန်တော်တို့ အမှန် ဆောင်ရွက်နိုင်တာ(၃၃၁၂)ကျောင်း ရှိပါတယ်။ ယခု ၂၀၁၇-၂၀၁၈ မှာတော့ တိုးတက်ရရှိတဲ့ ဘဏ္ဍာငွေ အနေအထားအရ ကျွန်တော်တို့ အဆင့်မြှင့်တင်နိုင်တဲ့ ကျောင်းပေါင်း စုစုပေါင်း (၅၀၉၉)ကျောင်း ရှိပါ ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။ ဒီ (၅၀၉၉)ကျောင်း ဖွင့်လှစ်နိုင်ရန်အတွက် ပြီးခဲ့တဲ့ အင်္ဂါနေ့က ကျင်းပတဲ့ အစိုးရအဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း ကိုယ်စားလှယ်တော် ကြီးများအား တင်ပြအပ်ပါတယ်။

ဒီအဆင့်တိုးမြှင့်ခွင့်ရရှိခဲ့တဲ့ ကျောင်းများစာရင်းကို မနေ့ကစပြီး ကျွန်တော်တို့ နိုင်ငံတော်ပိုင် သတင်းစာများမှာ နေ့စဉ် အဆင့်လိုက် တင်ပြထားပါကြောင်း အစီရင်ခံအပ်ပါတယ်။ ထိုနည်းတူစွာ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ အင်တာနက်စာမျက်နှာဖြစ်တဲ့ www.moe.gov.mm မှာလည်း အသေးစိတ် တင်ပြထားပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ တိုင်းပညာရေးမှူးရုံးတွေ၊ ခရိုင်ပညာရေးမှူးရုံးတွေ၊ မြို့နယ်ပညာရေးမှူးရုံးများမှ သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း အဆင့်တိုးမြှင့်ခွင့်ရရှိခဲ့တဲ့ ကျောင်းများ အခြေအနေကို ထပ်မံ တင်ပြအစီရင်ခံဖို့ရှိပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြလိုတာကတော့ ကျွန်တော်တို့ ဆောင်ရွက်မှုသည် ဒါ အပြီးသတ်မဟုတ်ပါဘူး။ နှစ်စဉ်ရရှိတဲ့ ဘဏ္ဍာရေးအခြေအနေအရ လုပ်ငန်းလိုအပ်ချက်အရ နှစ်စဉ် ဒီလုပ်ငန်းတွေဟာ ဆောင်ရွက်နေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နောက်နှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက်ဆိုရ ယခုလာမည့် ဩဂုတ်လအကုန်လောက်မှာ ဘယ်ကျောင်းတွေ အဆင့်မြှင့်ဖို့ ဦးစားပေးမယ်၊ ဘယ်ကျောင်းတွေ ပြင်ဖို့ဦးစားပေးမယ် စတာတွေကို ကျွန်တော်တို့ ဒီအခြေခံ မြေပြင်စာရင်းကစပြီး အသေးစိတ် ညှိနှိုင်းဦးစားပေး သတ်မှတ်ဆွေးနွေးဖို့ရှိပါတယ်။ အဲဒီ အချိန်ကျရင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားအသိပေးတင်ပြပြီး အကြံဉာဏ်များ ရယူမှာဖြစ်ပါတယ်။

ထိုမှတစ်ဆင့် ခရိုင်အလိုက်တို့၊ ထိုမှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနဲ့ ထပ်မံ ညှိနှိုင်း အတည်ပြုပါမယ်။ ပြီးတော့မှ ကျွန်တော် အားလုံးစုစည်းပြီး ပြည်ထောင်စုအဆင့်အဖြစ် ဘဏ္ဍာငွေရရှိရေး ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနှစ်ဆိုရင် ကိုယ်စားလှယ်တော်ကြီးများတင်ပြချက် တော်တော်များများကို ကျွန်တော်တို့ ဖြည့်ဆည်းဆောင်ရွက်နိုင်တဲ့ အခြေအနေရှိပါတယ်။ သို့သော် ဦးစားပေးအဆင့်အဖြစ် မဆောင်ရွက်နိုင်တဲ့လုပ်ငန်းများလည်း ကျန်သောနှစ်များမှာ ဆက်လက်ဆောင်ရွက်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ကျွန်တော် ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်တွင် အသေးစား၊ အလတ်စား လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတိုးနှုန်းသက်သာသော နိုင်ငံတကာချေးငွေများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် က ချင်းပြည်နယ်တွင် အသေးစား၊ အလတ်စား လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတိုးနှုန်း သက်သာသော နိုင်ငံတကာ ချေးငွေများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းသွားမယ့် မေးခွန်းကတော့ အသေးစား၊ အလတ်စား လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတိုးနှုန်းသက်သာသော နိုင်ငံတကာချေးငွေများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ချင်းပြည်နယ်ဟာ ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်ဖြစ်တယ် ဆိုတာကို တက်ရောက်လာတဲ့လူအားလုံး သိရှိပြီးဖြစ်ပါတယ်။ အလုပ်အကိုင် လုပ်ကိုင်စရာ အခွင့်အလမ်း နည်းပါးတဲ့အတွက် အလုပ်လက်မဲ့ များပြားပြီးတော့ မိမိတို့ရဲ့ မိသားစု စားဝတ်နေထိုင်ရေးအတွက် ရေကြည်ရာ မြက်နုရာကို ထွက်ခွာကြပြီး နိုင်ငံတကာကို ရောက်ရှိနေကြကာ မလေးရှား ချင်း၊ အမေရိကန် ချင်း၊ ဩစတြေးလျ ချင်းများ ဖြစ်လာကြပြီးတော့ မြန်မာနိုင်ငံအတွက် အရေးကြီးလှတဲ့ လူ့စွမ်းအား အရင်းအမြစ်တွေကို ဆုံးရှုံးလျက်ရှိနေပါတယ်။

တကယ်လို့သာ နိုင်ငံတွင်းမှာ ပြည်နယ်အတွင်းမှာ အလုပ်အကိုင်အခွင့်လမ်းတွေ ရှိနေမယ်ဆိုရင်၊ စားဝတ်နေရေးသာ အဆင်ပြေမယ်ဆိုရင် ဘယ်သူမှ နိုင်ငံတကာကိုထွက်ပြီးမှ အလုပ်လုပ်ချင်မှာ မဟုတ်ပါဘူး။ ချင်းပြည်နယ်ဟာ အရင်းအနှီးနှင့် နည်းပညာအကူအညီသာရမယ်ဆိုရင် စိုက်ပျိုးရေးမှာ “ဝ” ဥ စိုက်ပျိုးခြင်းဟာ နှစ်တိုအတွင်းမှာ ပြည်သူတို့ရဲ့ စားဝတ်နေထိုင်ရေးကို အဆင်ပြေနိုင်ပြီးတော့ ဆင်းရဲမှုလျှော့ချကာ ရေရှည်ဆောင်ရွက်ခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မယ်ဆိုတာ လက်တွေ့စိုက်ပျိုးနေသူများရဲ့ တင်ပြချက်အရ သိရပါတယ်။

အမျိုးသမီးများအနေဖြင့်လည်း မိသားစုလုပ်ငန်းတွေကို လုပ်ကိုင်နေရင်းနဲ့ မွေးမြူရေးလုပ်ငန်းတွေ၊ ဂျပ်ခုတ်လုပ်ငန်းတွေ၊ ကျန်တဲ့ တစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းတွေကို ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေတိုးတက်လာခြင်းဖြင့် ဆင်းရဲမှုကို လျှော့ချလာနိုင်မှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၇၁ မှာ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရင်းအနှီး၊ နည်းပညာ၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန်ကူညီမယ်လို့ ပါရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်တဲ့ မြစိမ်းရောင်ချေးငွေကို လေ့လာတဲ့နေရာမှာ ကျေးရွာများအနေဖြင့် မိမိတို့ကိုယ်တိုင် အတိုးနှုန်းသတ်မှတ်ပြီးတော့ လည်ပတ်စွာ ချေးယူခြင်းအားဖြင့် ၎င်းကျေးရွာရဲ့ ငွေကြေးလည်ပတ်မှု ကောင်းလာပြီးတော့ လူမှုရေးအခက်အခဲတွေ လျော့ကျလာတာကို တွေ့ရှိရပါတယ်။

တစ်ယူနစ် သိန်း(၃၀၀)ချေးငွေကို (၁၀၀)မှာ တစ်ကျပ်နှုန်းနဲ့ချေးရင် (၁၀)နှစ်အကြာမှာ အတိုးအရင်းပေါင်း သိန်း(၆၀၀)ကျော်ရရှိမှာဖြစ်ပြီးတော့ အရင်းကျေတဲ့အပြင် အတိုးရငွေပါ အသားတင်ကျန်မှာဖြစ်ပါတယ်။ ယခုအချိန်မှာဆိုရင်တော့ နိုင်ငံတကာချေးငွေတွေဟာ ဆိုင်းငံ့ကာလရှိတဲ့အပြင် အတိုးနှုန်းတွေကလည်း သက်သာတဲ့အတိုးနှုန်းများဖြစ်တဲ့အတွက် ဒီချေးငွေမျိုးတွေကို ချင်းပြည်နယ်

အတွက် ဖန်တီးပေးမယ်ဆိုရင် စိုက်ပျိုးရေးအတွက် သက်သက်မဟုတ်ဘဲနဲ့ အမျိုးသမီးများ အိမ်တွင်းမိသားစု တာဝန်ထမ်းဆောင်ရွက်ရင်းနဲ့ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတွေ၊ ဂျပ်ခုတ်လုပ်ငန်းတွေနဲ့ အိမ်ဆိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ရရှိလာတဲ့အတိုးတွေထဲကလည်း အချိုးကျ သတ်မှတ်ပြီးတော့ ဒေသအတွက်လိုအပ်တဲ့ အခြားလူမှုအထောက်အကူပြုလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပြီးတော့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် မိသားစုတိုင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်းတီးပြီးတော့ ဖန်တီးနိုင်ဖို့အတွက် နိုင်ငံတကာမှ အတိုးနှုန်းသက်သာတဲ့ ချေးငွေများဖြင့် လူမှုဘဝစီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးစက်ရုံ MPF(ယခင် BPI)မှ ငှက်ဖျားကာကွယ်ကုသရေးအတွက် အာနိသင်ထက်မြက်သည့် အာတီမီးစီးယား(Artemisia) (ဝါ)ဒေါနရှေ့ဝါဆေးပင်များ စိုက်ပျိုး၍ ကုန်ချောဆေးဝါးအဖြစ် စီစဉ်ထုတ်လုပ်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) က မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ MPF (ယခင် BPI)မှ ငှက်ဖျားကာကွယ်ကုသရေးအတွက် အာနိသင်ထက်မြက်သည့် အာတီမီးစီးယား (Artemisia) (ဝါ) ဒေါနရှေ့ဝါဆေးပင်များ စိုက်ပျိုး၍ ကုန်ချောဆေးဝါးအဖြစ် စီစဉ်ထုတ်လုပ်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုရေးရာ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်ဟောင်အမည်ရှိ တရုတ်ဆေးပင်ဟာ သိပ္ပံအမည်အားဖြင့် (Artemisia Annua) အပင်အမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံတောင်တန်းဒေသ ပေ(၃၀၀၀)အထက်မှာ သဘာဝအလျောက် ရှင်သန်ပေါက်ရောက်နိုင်စွမ်းရှိပါတယ်။ မြန်မာနိုင်ငံ ပြင်ဦးလွင်ဒေသမှာ Artemisia Parviflora ရှမ်းနာမည် မယ်တီတွက်အပင်နဲ့ မျိုးစုတူပြီးတော့ မျိုးစိတ်လုံးဝ ကွဲပြားခြားနားနေတာ တွေ့ရပါတယ်။

ကျွန်တော်ကိုယ်တိုင် သုတေသနပြုခဲ့ပြီး ၁၉၈၄ ခုနှစ်၊ (၃၂)ကြိမ်မြောက်ဆရာဝန်များ ညီလာခံမှာ ငှက်ဖျားဝေဒနာကုသမှုဆိုင်ရာ စာတမ်းတင်သွင်း ဖတ်ကြားခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်မှာ နိုင်ငံတော်မှ ဝန်ကြီးဌာနပေါင်းစုံပါဝင်တဲ့ ထိုစဉ်က စက်မှု(၁)ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနမှ ပညာရှင်များအဖွဲ့ ဖွဲ့စည်းပြီး သုတေသနကွင်းဆင်းခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အလေ့ကျရှင်သန်တဲ့ Artemisia အပင်အမျိုးအစား မည်မျှရှင်သန်ပေါက်ရောက်ကြောင်း လေ့လာအစီရင်ခံဖို့ဖြစ်ပါတယ်။ အဆိုပါ အစုအဖွဲ့မှ ကျွန်တော်က အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ရပါတယ်။

ဒေါနရွှေဝါအမည်ကို ကျွန်တော်ကိုယ်တိုင် မြန်မာမှုပြုပေးခဲ့တာ ဖြစ်ပါတယ်။ ဒီနောက် တရုတ်-မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် Artemisia Annua မျိုးကို စက်မှု(၁) ဌာနပိုင် ရှမ်းပြည်တောင်ပိုင်း၊ ဟဲဟိုးဒေသ၊ ထီဆောင်တောင်ခြေနှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ဒေသစိုက်ကွင်းတို့မှာ စတင်စိုက်ပျိုးခဲ့ပါတယ်။ ငှက်ဖျားဝေဒနာဟာ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစာမျက်နှာ ရန်သူနံပါတ်တစ်ဖြစ်ပြီး၊ ရှေ့တန်းရောက် ပြည်သူ့တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တောင်ပေါ်ဒေသ တောတောင်ထူထပ်တဲ့ဒေသတွေမှာ Anopheles ခြင်မျိုးမှတစ်ဆင့် ငှက်ဖျားပိုး Filipe (Falciparum) အမျိုးအစားဟာ ငှက်ဖျားဝေဒနာကြောင့် သေကြေပျက်စီးစေနိုင်တဲ့ ဆိုးရွားလှပါတယ်။

ယခု မျက်မှောက်ကာလမှာ တရုတ်ပြည်မှ တိုက်ရိုက်ဝင်ရောက်လာနေတဲ့ ချင်ဟောင်(ဝါ) ဒေါနရွှေဝါ(Artemisia Annua)အပင်မှ ထုတ်လုပ်တဲ့ ချင်ဟောင်ဆု(Artemether, Artemisinine, Artesunate)တို့ကို ထိုးဆေး၊ စားဆေးများဖြင့် မြန်မာနိုင်ငံမှာ ဝယ်ယူရရှိနိုင်ပြီး၊ တရုတ်ပြည်မင်မင်းဆက် ဘုရင့်တော်ဝင်သမားတော်ကြီး လီရှီကျန်(၁၅၁၈-၁၅၆၃)ရဲ့ ပန်းဆောင်ဂင်းမု ခေါ် Chinese Malaria Medical ဆေးကျမ်းကြီးမှာ ဖော်ပြပါရှိပါတယ်။ အဆိုပါ တရုတ်ဆေးပင်မှ ငှက်ဖျားဆေးဝါးကို သိပ္ပံနည်းကျဖော်ထုတ်ခဲ့တဲ့ Ms. Toyou Yan အမည်ရှိ အပင်ဆေးဝါးဗေဒပညာရှင် (Phylopharmacologist) အဖွဲ့ဟာ ၂၀၁၅ ခုနှစ်၊ နိုဘယ်ဆုကြီးကို ချင်ဟော် ငှက်ဖျားဆေးဝါးဖော်ထုတ် တီထွင်နိုင်ခဲ့တဲ့အတွက် ဆေးပင်ဆိုင်ရာ ပထမဦးဆုံးနိုဘယ်ဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။

အဆိုပါ Artemisia Annua (ဝါ) ဒေါနရွှေဝါငှက်ဖျားဆေးပင်များဟာ မြန်မာနိုင်ငံရှိ ပေ (၃၀၀၀)ကျော် တောင်ပေါ်ဒေသများနဲ့ ပြင်ဦးလွင်ဒေသတို့မှာ ဒေသဖွံ့ဖြိုးရေးအစီအစဉ်အဖြစ် စိုက်ပျိုးအောင်မြင်လျက်ရှိပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍ ငှက်ဖျားဝေဒနာ ကာကွယ်ကုသနိုင်ရေးအတွက် အဆိုပါ Artemisia အပင်များကို စမ်းသပ်စိုက်ပျိုးခဲ့ရာ ဟဲဟိုးနှင့် ပြင်ဦးလွင်ဒေသတို့မှာ ကျယ်ပြန့်စွာစိုက်ပျိုးပြီး ငှက်ဖျားဆေးဝါးအဖြစ် ထုတ်လုပ်သွားရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာ ချင်းပြည်နယ်၊ အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ၏ ချင်းပြည်နယ်တွင် အသေးစား၊ အလတ်စားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတိုးနှုန်းသက်သာသော နိုင်ငံတကာချေးငွေများဖြင့် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းသည့် မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ SME ဥပဒေအရ SME လုပ်ငန်းရှင်များကို မှတ်ပုံတင်များ ထုတ်ပေးလျက်ရှိရာမှာ ချင်းပြည်နယ်တွင် SME လုပ်ငန်းရှင် (၉၄၄)ဦးရှိပြီး၊ ထုတ်လုပ်မှု လုပ်ငန်းရှင် (၈၁၀)ဦး၊ ရောင်းဝယ်ရေးလုပ်ငန်းရှင်ပေါင်း (၁၀၄)ဦး၊ ဝန်ဆောင်မှုလုပ်ငန်းရှင်(၁၅)ဦး နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင် (၁၅)ဦး တို့ဖြစ်ကြပါတယ်။ SME လုပ်ငန်းရှင်အားလုံးကို ထောက်ပံ့ပေးနိုင်ရန်အတွက် နိုင်ငံတကာချေးငွေအနေဖြင့် ဂျပန်နိုင်ငံ Japan International Cooperation Agency (JICA) မှ ချေးငွေ ဂျပန်ယန်း (၅)ဘီလီယံ (မြန်မာငွေကျပ် (၅၀)ဘီလီယံ) ခန့် ရရှိခဲ့ပြီး ၎င်းအနက်မှ မြန်မာငွေကျပ် (၄၁.၅၅၈)ဘီလီယံကို ပြည်နယ်၊ တိုင်းဒေသကြီး (၁၀)ခုရှိ လုပ်ငန်းရှင်(၁၈၆)ဦးသို့ ၂၀၁၆ ခုနှစ်မှစတင်၍ ကမ္ဘောဇဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB)၊ ရောဝတီဘဏ်၊ သမဝါယမဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့မှတစ်ဆင့် ထုတ်ချေးပေးလျက်ရှိနေပါတယ်။ ကျန်ရှိနေသေးသော မြန်မာငွေကျပ် (၈.၄၄၂) ဘီလီယံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထုတ်ချေးပေးသွားရန် စီစဉ်လျက်ရှိပါတယ်။

ချင်းပြည်နယ်တွင် အလားအလာရှိသော SME လုပ်ငန်း များဖြစ်သည့် ချင်းရိုးရာရက်ကန်း ရက်လုပ်သူများအဖွဲ့၊ ချင်းစိုက်ပျိုးထုတ်လုပ်သူများအဖွဲ့၊ "ဝ"ဥ စိုက်ပျိုး ထုတ်လုပ်သူများအဖွဲ့၊ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများအဖွဲ့၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ အဖွဲ့တို့အနေဖြင့် အတိုးနှုန်းသက်သာသော ချေးငွေများရရှိနိုင်ရန် သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ SME လုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာဘဏ်များသို့ တိုက်ရိုက်လျှောက်လွှာတင်ကြမှာဖြစ်ပြီး ဘဏ်၏ Board of Director အဖွဲ့ဖြင့် စိစစ်ရွေးချယ်၍ ချေးငွေများ ထုတ်ချေးခြင်းဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနအနေနဲ့တော့ ဒီလုပ်ငန်းများသည် အလားအလာရှိသော လုပ်ငန်းများ ဖြစ်/မဖြစ်ကို စိစစ်ပြီး ထောက်ခံတင်ပြပေးမှာ ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဌာန အနေဖြင့်လည်း နှစ်ဆင့်ချေးငွေလုပ်ငန်းကို လုပ်ငန်းရှင်များ နားလည်နိုင်စေရန်နှင့် အချိန်မီသိရှိနိုင်စေရန် (JICA)အဖွဲ့နှင့် ပူးပေါင်းပြီးတော့ Awareness ပေးခြင်း၊ သက်ဆိုင်ရာ Stakeholder ပူးပေါင်း၍ ချေးငွေဆိုင်ရာ သတ်မှတ်ချက်များတွင် ပါဝင်အကြံပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဂင်းအပြင် ဂျာမနီနိုင်ငံ ဖွံ့ဖြိုးရေးဘဏ်(KfW)က ပေးအပ်သည့် အထောက်အပံ့ငွေ ယူရို (၄၀၄)သန်း မြန်မာငွေကျပ် (၆.၈၂၆) ဘီလီယံခန့်အား SME လုပ်ငန်းများသို့ သမဝါယမဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့မှ တစ်ဆင့်ချေးငွေ ထုတ်ပေးခြင်းဖြင့် ကူညီပံ့ပိုးပေးလျက် ရှိနေပါတယ်။ ထို့ကြောင့် စုစုပေါင်း ငွေကျပ် (၄၈.၃၈၄) ဘီလီယံအား SME လုပ်ငန်းများသို့ ထုတ်ချေးပေးထားပြီး ဖြစ်ပါတယ်။ ယခုအချိန်၌ ချင်းပြည်နယ်ရှိ SME လုပ်ငန်းရှင်များအတွက် အတိုးနှုန်းသက်သာသော နိုင်ငံတကာချေးငွေ သီးသန့်လျာထားသတ်မှတ်မှု မရှိသေးသော်လည်း၊ အတိုးနှုန်းသက်သာသည့် နိုင်ငံတကာချေးငွေများရယူလိုပါက ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းထားသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့တင်ပြခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းတင်ပြခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် စက်မှုဝန်ကြီးဌာနမှ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် အလျဉ်းသင့်လို့တင်ပြရရင် ပြည်ပသို့ ပို့ကုန်အဖြစ် အရည်အသွေး တိုးမြှင့်ထုတ်လုပ်နိုင်မယ့် အလားအလာရှိသော SME လုပ်ငန်းငယ်များကို ပြန်လည် စိစစ်တဲ့အခါမှာ ချင်းရိုးရာရက်ကန်းထုတ်ကုန်များ၊ ချင်း၊ "ဝ"ဥ၊ ကော်ဖီ၊ ထောပတ်သီး အစရှိသည့် လုပ်ငန်းအသီးသီးအား SME လုပ်ငန်းများ ဖွံ့ဖြိုးရေး ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိနေတဲ့အခါမှာ နိုင်ငံတကာ အဆင့်မီ Packing Design မှအစ အဆင့်မြှင့်တင်ပေးဖို့ လိုအပ်နေကြောင်း တွေ့ရှိရပါတယ်။ ဒီလို Packing Design အပြင် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် Marketing လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်သော ချေးငွေများရရှိရေးကိုလည်း သက်ဆိုင်ရာဘဏ်အသီးသီးတွင်လည်း ထောက်ခံအတည်ပြုပေးသွားမည်ဖြစ်ပါတယ်။

တစ်ဖန် ကျွန်တော်တို့ ဒီလို Design အသစ်အဆန်းများ တီထွင်ဖို့အတွက် လိုအပ်သော လူ့စွမ်းအား အရင်းအမြစ်ရရှိရေးအတွက်လည်း ချင်းပြည်နယ်မှာ ပလက်ဝ၊ စက်မှုဇုန်တည်ထောင်ဖို့ အစီအစဉ် ရှိပါတယ်။ ဒီစက်မှုဇုန် ဘည်ထောင်တဲ့အခါမှာ ကျွန်တော်တို့ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ အတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်တွေ လေ့ကျင့်ပညာပေးဖို့အတွက် မရှိမဖြစ်လိုအပ်သော Traning Centre School ကို ထည့်သွင်းတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီ Vocational Traning Centre မှတစ်ဆင့် ရရှိလာမယ့်နည်းပညာအရ ကျွန်တော်တို့ ထုတ်လုပ်ကုန်အသီးသီးသည် မိရိုးဖလာအဆင့်မှသည် နိုင်ငံတကာအဆင့်မီ တိုးတက်သောထုတ်ကုန်ပစ္စည်းများ ဖြစ်လာမှာဖြစ်တဲ့ အတွက် မိသားစုလုပ်ငန်းများမှ အစပြုပြီးတော့ နိုင်ငံတကာကို Export လုပ်နိုင်သောအဆင့်ထိ ရောက်ရှိဖို့အတွက် စက်မှုဝန်ကြီးဌာနမှ ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ အမှတ်(၃)မဲဆန္ဒနယ် ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း ၏ မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ (ယခင် MPF) ယခု BPI ဒီနေရာ ကျွန်တော်တစ်ခု ရှင်းလင်းတင်ပြဖို့ လိုအပ်ပါတယ်။ ယခင့်ယခင် ခေတ်အဆက်ဆက် ကျွန်တော်တို့ BPI ဆိုတာ အစပြုခဲ့ပါတယ်။ တစ်ဖန် BPI မှတစ်ဆင့် MPF ကို

ပြောင်းခဲ့ပါတယ်။ MPF မှ တစ်ခါ ယခု အစိုးရသစ်လက်ထက်မှာဆိုရင် ကျွန်တော်တို့ ယခင်က သိရှိပြီး ဖြစ်သော BPI အနေဖြစ်ပဲ ဆေးဝါးများကို ဆက်လက်ထုတ်လုပ်လျက်ရှိပါကြောင်း တင်ပြဆွေးနွေးလိုပါ တယ်။ ကျွန်တော်တို့ ယခုတင်ပြမှာက (ယခင် MPF) ယခု BPI ငှက်ဖျားကာကွယ်ကုသရေးအတွက် အာတီမီးစီးယား (Artemisia) (ဝါ) ဒေါနရွှေဝါ ဆေးပင်များစိုက်ပျိုး၍ ကုန်ချောဆေးဝါးအဖြစ် စီစဉ် ထုတ်လုပ်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း လက်အောက်ရှိ ဆေးဝါးစက်ရုံ အင်းစိန်တွင် အာတီမီးစီးယား (Artemisia) (ဝါ) ဒေါနရွှေဝါပင်မှ Piperamisinin ငှက်ဖျားရောဂါကာကွယ်ဆေးအား ၂၀၀၇ ခုနှစ်က စတင်ထုတ်လုပ်ခဲ့ပြီး ဆေးဝါး ကုန်ကြမ်းသီးနှံများဖြစ်သည့် အာတီမီးစီးယားပင်များကို ရာသီဥတု၊ မြေအမျိုးအစား၊ ကိုက်ညီသော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ စက်မှုဝန်ကြီးဌာနပိုင် ပွေးတောင်စိုက်ကွင်း၌ (၄၅)ဧက၊ ပွဲကောက်စိုက်ကွင်း၌ (၁၅၀)ဧကနှင့် စမ္မာဆယ်စိုက်ကွင်း၌ (၁၂၀)ဧက၊ စုစုပေါင်း(၃၁၅)ဧကကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှစ၍ စမ်းသပ်စိုက်ပျိုးထုတ်လုပ်ခဲ့ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာတော့ (၃၉၀)ဧကအထိ အများဆုံးစိုက်ပျိုးနိုင်ခဲ့ပြီး အာတီမီးစီးယား အရွက်ခြောက် တန်ချိန်ပေါင်း (၈၆၈၄၆)တန်အထိ ထွက်ရှိခဲ့ပါတယ်။ သို့ရာတွင် ရာသီဥတု၊ မြေဒေသ ကွဲပြားမှုနှင့် စိုက်ပျိုးမှုနည်းပညာလိုအပ်ချက်များကြောင့် Artemisia Yield ပါဝင်မှုမှာ အခြားဒေသတွင်း နိုင်ငံများဖြစ်သည့် တရုတ်၊ ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်ပါက များစွာကွာခြားနိမ့်ကျလျက်ရှိကြောင်း တွေ့ရှိ ရပါတယ်။ အဆိုပါ အာတီမီးစီးယားစိုက်ကွင်းများမှ ရရှိသော ဆေးအရွက်ခြောက်များမှ အာတီမီးစီးနင်း ဆေးဝါးကုန်ကြမ်းများထုတ်လုပ်ခဲ့ရာ ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း Pure Artemisinin ကုန်ကြမ်း (၁၉.၃၉)ကီလိုနှင့် Pure Dihyodro Artemisinin ကုန်ကြမ်း (၇.၇၅၂၇)ကီလိုတို့ကို သန့်စင်ထုတ်လုပ် နိုင်ခဲ့ပါတယ်။

သန့်စင်ထုတ်လုပ်ရရှိသော ကုန်ကြမ်းများကိုအသုံးပြု၍ WHO အသိအမှတ်ပြု အာတီမီးစီးနင်း အုပ်စုဝင် ဆေးဝါးတစ်မျိုးဖြစ်သည့် Piperamisinin Tablet ဆေးဝါးများအား ၂၀၀၂ ခုနှစ်၊ ဇွန်လ တွင် စမ်းသပ်ထုတ်လုပ်ခဲ့ရာ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလတွင် FDA မှ အသိအမှတ်ပြု ဆေးဝါးမှတ်ပုံတင် လိုင်စင်ရရှိခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ မေလ ၂၅ ရက်မှစ၍ စီးပွားဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ ပါတယ်။ အဆိုပါဆေးဝါးသည် အာနိသင်ပြည့်ဝပြီး ဘေးထွက်ဆိုးကျိုးမရှိကြောင်း ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလက ပြုလုပ်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနညီလာခံ၌ သုတေသနပညာရှင် များက စာတမ်းဖတ်ကြားပြီး ပြည်သူတို့ကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးခဲ့ပြီး ဖြစ်ပါတယ်။

အာတီမီးစီးယားတစ်တန်မှ Piperamisinin ငှက်ဖျားဆေး၊ ဆေးပြား (၆၃၀၀) ပြား၊ ဆေးပြား (၉) ပြားပါ ကတ် (၇၀၀) ထွက်ရှိနိုင်ပါတယ်။ အာတီမီးစီးယား တစ်တန်ကုန်ကျစရိတ်မှာ ကျပ် (၂.၈၉၂) သန်း ဖြစ်ပြီးတော့ ဆေးတစ်ကတ်လျှင် (၄၄၃၂) ကျပ်ဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပေးခဲ့ပါ တယ်။ ပြည်ပဈေးကွက်၌ တရုတ်နိုင်ငံမှ တင်သွင်းသည့် အာတီမီးစီးယားပါဝင်သည့် ငှက်ဖျားဆေး

တစ်ကတ်မှာ အများဆုံး (၁၅၀၀) ကျပ်သာ ရှိပါတယ်။ သို့ပါ၍ ဌာနမှရောင်းဈေးကို (၁၅၀၀)ကျပ်သို့ ဆေးတစ်လုံးလျှင် ကျပ်ပေါင်း(၁၆၇)ကျပ်အထိ လျှော့ချ၍ ကျန်းမာရေးဌာနသို့ အရှုံးခံရောင်းချ ပေးခဲ့ပါတယ်။ ကုန်ချောများအားလုံး ရောင်းချခဲ့ပြီးဖြစ်၍ လက်ကျန်များလည်း လုံးဝမရှိတော့ကြောင်း တင်ပြအပ်ပါတယ်။

ၑင်းအခြေအနေမျိုးတွင် ပြည်ပအလှူရှင်အဖွဲ့အစည်းဖြစ်သည့် ဆွစ်ဇာလန်အခြေစိုက် Global Fund 3 Disease Project မှ ငှက်ဖျားဆေးများကို အခမဲ့ထောက်ပံ့နေခြင်း၊ အလှူရှင်အဖွဲ့ အစည်းများဖြစ်သည့် ဗြိတိသျှအခြေစိုက် (DFID), Global Fund အသီးသီးနှင့် အခြားအခြားသော INGO အဖွဲ့အစည်းများဖြစ်သော Population Services International (PSI)Myanmar နှင့် AA ဆေးဝါးကုမ္ပဏီတို့မှပူးပေါင်း၍ ပဒုမ္မာအမည်ဖြင့် (Lumefantrine Artemether)အတွဲ ငှက်ဖျား ကုသဆေး (၂၄)လုံးပါ တစ်ကတ်လျှင် (၃၀၀)ကျပ် ဆေးတစ်လုံးလျှင် (၁၃)ကျပ်နှုန်းဖြင့် ဝန်ဆောင်မှု စရိတ်သာယူပြီး ကျန်မာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ National Malaria Control Program အစီအစဉ်ဖြင့် ပြည်သူလူထုကို ယခုအချိန်တိုင် ဖြန့်ဖြူးပေးလျက် ရှိနေပါတယ်။

BPI မှ ထုတ်လုပ်သည့် ငှက်ဖျားကုသဆေးတစ်လုံးလျှင်(၁၆၇)ကျပ်နှုန်း ကျသင့်ပြီး၊ ပဒုမ္မာ ငှက်ဖျားဆေးမှာတော့ (၁၃)ကျပ်သာ ဖြစ်တဲ့အတွက် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချ ဖြန့်ဖြူးနိုင် ခြင်း မရှိတဲ့အတွက် BPI မှ ငှက်ဖျားဆေးဝါးများထုတ်လုပ်မှုကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ရပ်ဆိုင်း ထားခဲ့ရပါတယ်။ ဆေးဝါးကုန်ကြမ်းသီးနှံ အာတီမီးစီးယားအပင်များ မျိုးမသုဉ်းစေရေးအတွက် ပြင်ဦးလွင် ရှိ စက်မှုဝန်ကြီးဌာနပိုင် စိုက်ကွင်းများဖြစ်သော ပွေးတောင်စိုက်ကွင်း၌ (၀.၅)ဧက၊ ပွဲကောက်စိုက်ခင်း ၌ (၀.၅)ဧက စုစုပေါင်း တစ်ဧကအဖြစ် မျိုးထိန်းအဖြစ်သာ စိုက်ပျိုးထိန်းသိမ်းထားရှိပြီး ကျန်မြေလွတ် များတွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အသုံးပြုသော မြင်းစာများအတွက် လိုအပ်သောပြောင်းဖူး လုပ်ငန်း စိုက်ပျိုးလျက်ရှိပါကြောင်းနှင့် Piperamisinin Tablet ထုတ်လုပ်မှုနည်းပညာကိုတော့ ဆက်လက်ထိန်းသိမ်းထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာတဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်း ပုဒ်မ ၅၊ ပ တွင် ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ မြစ်ချောင်းရေ အသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများ ကောက်ခံခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ ဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့ ပုဒ်မတိုင်းမှာ ပါဝင်နေတာကို ပြန်လည်သုံးသပ်သင့်တယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။ မူလ အဆိုပြုဥပဒေတွင်မပါရှိခဲ့သော်လည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အားပေးချင်တဲ့အတွက် ရေအတွက်ကုန်ကျစရိတ် မဖြစ်စေလိုတဲ့အတွက် ဖြည့်စွက်ခဲ့တယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဥပဒေပြုတဲ့အခါမှာ ကျွန်တော်တို့ အခြားရှုထောင့်များကလည်း ကျွန်တော်တို့ လေ့လာသုံးသပ်လိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်ပေမယ့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ကောင်းကောင်း အသုံးမချနိုင်သေးပါဘူး။ ဝမ်းနည်းစရာကောင်းတာကတော့ မြစ်ချောင်းများ ထိခိုက်ပျက်စီးနေခြင်း ဖြစ်ပါတယ်။ သောင်များထွန်းခြင်း၊ မြစ်ကြမ်းပြင် မြင့်တက်ခြင်း၊ မိုးအခါရေကြီးခြင်း၊ ကမ်းပါးပြိုခြင်း၊ နွေအခါရေမရှိခြင်းတို့ကို အမြဲကြုံတွေ့နေရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ မြစ်ချောင်းတွေကို ထိန်းသိမ်းခြင်းဟာ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက်လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ဖို့သော်လည်းကောင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ဖို့အတွက် ဖွံ့ဖြိုးဖို့အတွက်လည်းကောင်း အားလုံးအတွက် အကျိုးဝင်ပါတယ်။ မြစ်ချောင်းထိန်းသိမ်းရေးလုပ်ငန်းဟာ စရိတ်စက အလွန်ကြီးမားလှပါတယ်။

ဒီတာဝန်ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အဓိကလုပ်ဆောင်ရပါတယ်။ မြစ်ချောင်းရေကို စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် အသုံးချဖို့ ဆည်မြောင်းဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မြစ်ရေတင်စီမံကိန်းများအဖြစ် ပြုလုပ်ပါတယ်။ ရေကိုအသုံးပြုတဲ့ တောင်သူတွေဟာ တစ်ဧကကို (၃၀၀၀)မှ (၈၀၀၀)ကျပ်အထိ ရေအသုံးပြုခ ဆည်မြောင်းဌာနသို့ ပေးဆောင်ရပါတယ်။ သို့ပေမယ့်လည်း မြစ်ရေတင်စီမံကိန်းများဟာ ထင်သလောက် ခရီးမပေါက်ခဲ့ပါဘူး။ မြစ်ရေတင်စီမံကိန်း (၃၀၀)မှာ (၁၇၀)ကျော်လောက်ဟာ အားနည်းချက်များနဲ့ ရပ်ထားတယ်လို့ သိခဲ့ရပါတယ်။ ပုဂံဒေသ လောကနန္ဒာမြစ်ရေတင်စီမံကိန်းဟာ ဧက(၁၀၀၀၀)လျာထားချက် ရှိသော်လည်း၊ ဧက(၂၀၀၀)သာ ရေရရှိပါတယ်။ ပခုက္ကူမှာရှိတဲ့ ကျီးရွာမြစ်ရေတင် စီမံကိန်းဟာ ဧက(၅၀၀၀) လျာထားချက်

ရှိသော်လည်း၊ ဧက(၁၀၀၀)ခန့်သာ ရေရရှိပါတယ်။ ဆိပ်ဖြူ အောက်ဆိပ်မြစ်ရေတင် စီမံကိန်းဟာ ဧက(၂၀၀)ခန့် ရေရရှိတယ်လို့ သိရပါတယ်။

အဓိကပြဿနာကတော့ မြစ်ထဲမှာရေမရှိခြင်း၊ မြစ်ရေယူမယ့်နေရာမှာ သောင်ထွန်းနေခြင်းပဲ ဖြစ်ပါတယ်။ ဒီသောင်တွေကိုဖယ်ဖို့၊ ရေစီးရေလာကောင်းမွန်ဖို့ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဓိကလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ ဝင်ရေမရှိရင် မလုပ်ဆောင်နိုင်ပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့ အကြီးစားစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအဖြစ် မြစ်ချောင်းကို အသုံးချဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ ဌာနနှစ်ခုပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ဘယ်နိုင်ငံမှ မြစ်ချောင်းရေပဲဖြစ်ဖြစ် ဘယ်ရေပဲဖြစ်ဖြစ် အလကားမရရှိပါဘူး။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဘတ်ဂျက်မရှိရင် မြစ်ချောင်းဖြိုးလုပ်ငန်းကို ကျွန်တော်တို့ အောင်မြင်အောင် မလုပ်ကိုင်နိုင်ပါဘူး။ မြစ်ချောင်းဖွံ့ဖြိုးမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးမှအပ စကားရပ်ဟာ ဆိုင်ရာပုဒ်မများမှာ ဖြုတ်ထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ

**အချိန်၊ ၁၀း၅၅။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ နှလုံးစိတ်ဝမ်းငြိမ်းအေးကြပါစေလို့ ဂါရဝပြုရင်း ဆုတောင်း မေတ္တာပို့သလိုက်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့လာခဲ့သည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့မှ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်၊ နောက်အခါမှာ ဆွေးနွေးပြဌာန်းချက်အချို့ကို ကျွန်မအနေနဲ့ ဆွေးနွေး ဖြည့်စွက်ပြင်ဆင် ဆွေးနွေးမှာဖြစ်ပါတယ်။

ပထမဦးဆုံး ကန့်လန့်ဖြတ်ဇယား၏ စာမျက်နှာ (၂)၊ အပိုဒ်စဉ်(၂)၊ အပိုဒ်မှာပါဝင်တဲ့ ပုဒ်မခွဲ(၉)ကို အောက်ပါအတိုင်း အစားထိုးရမယ်လို့ အဆိုပြု ပြဋ္ဌာန်းချက်မှာပါပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကတော့ မူလပြဋ္ဌာန်းချက်အတိုင်းဖြစ်ပါတယ်။ အဲဒီနေရာမှာ ဖော်ပြထားတာတော့ ကမ်းနားနယ်ဆိုသည်မှာ ကမ်းနားနယ်နှင့်ဆက်စပ်ပြီး ကမ်းနားနယ်မြေ နယ်နိမိတ်ကို ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ဒီရေအမြင့်ဆုံးတက်ချိန်၌ မြစ်ရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန်အမြင့်ဆုံးပုံမှန် ရေအမြင့်အမှတ် ရောက်ရှိသည့် ကမ်းနားနယ်မှ

ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိရှိသော ကမ်းနားနယ်မြေနယ်နိမိတ်ကို ဆိုလိုသည်လို့ အဆိုပြု ပြင်ဆင်ချက်မှာ ပါရှိပြီးတော့ ပြည်သူ့လွှတ်တော်က မူလဥပဒေပြင်ဆင်ချက်အတိုင်း ပါဝင်ပါတယ်။

ကျွန်မကတော့ ပြင်ဆင်ချင်တာတော့ ကမ်းနားနယ်ဆိုသည်မှာ ကမ်းနားနယ်နှင့် ဆက်စပ်ပြီး ကမ်းနားနယ်မြေ နယ်နိမိတ်ကို ဒီရေအမြင့်ဆုံးတက်ချိန်၌ မြစ်ရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေ တက်ချိန် အမြင့်ဆုံး ပုံမှန်ရေအမြင့်အမှတ် ရောက်ရှိသည့် ကမ်းနားနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိရှိသော ကမ်းနားနယ်မြေ နယ်နိမိတ်ကို ဆိုလိုသည်လို့ပြင်ချင်ပါတယ်။ ကျွန်မအနေနဲ့ ဝန်ကြီး ဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သီးခြားသတ်မှတ်ခြင်းမရှိလျှင် ဆိုတာကို ပယ်ဖျက်ချင်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်မ ခုနတုန်းက ပြင်ဆင်ထားတဲ့အတိုင်းဆိုလို့ရှိရင် အဓိပ္ပာယ်ပြည့်စုံပါ တယ်။ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ဆိုတဲ့စာသား ပါမယ်ဆိုရင် ဝန်ကြီးဌာနက ဌာနက လိုရင်လိုသလို ကျွန်မတို့ ဥပမာဆိုလို့ရှိရင် စီးပွားရေးလုပ်ငန်း တွေ ခုချိန်မှာလည်း ကျွန်မတို့ အများကြီးတွေ့ရတာ ဖြစ်ပါတယ်။

ဒီကမ်းနားနယ်မြေတွေမှာ ကျော်လွန်ပြီးတော့မှ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ထားတယ်၊ နောက်တစ်ခါမှာ ကျွန်မတို့ ဒီစီးပွားရေးနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ လုပ်တဲ့အခါမှာ အဲဒီနယ်နိမိတ် တွေကို မဖျက်စေချင်လို့ဆိုတဲ့ သဘောမျိုးလည်း ထင်မှတ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ အဲဒီအပိုဒ်ကို ဖြုတ်ချင်ပါတယ်။

နောက်တစ်ခုကတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ (၄) အမှတ်စဉ် (၁၀) မှာ ဖော်ပြထား တဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄ မှာ ဖော်ပြထားတဲ့ ခုနတုန်းက ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတယ်ပေါ့။ ကျွန်မအနေနဲ့ကတော့ အဲဒီဟာကိုပြင်ဆင်လိုတာ ကတော့ ရေကြောင်းပြုခြ၊ ရေအသုံးပြုခြ၊ ဆိပ်ကမ်းကပ်ခြ၊ ကျောက်ချရပ်နားခြ၊ ကမ်းနားနယ်မြေ အသုံး ပြုခြ၊ အဲဒီမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေ အသုံးပြုခြ၊ မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများသတ်မှတ်ခြင်း ဆိုပြီးတော့ ကျွန်မ အနေနဲ့ ပြင်ဆင်ချင်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွေဆိုတာကတော့ အဓိကအားဖြင့် မြစ်ချောင်းတွေဟာ အများအားဖြင့်တော့ ကျေးလက်နေပြည်သူတွေက ဒီဟာတွေကို အသုံးပြုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့တော့ အဲဒီဟာကို သဘောတူပါတယ်။ သို့သော် မြစ်ချောင်းရေတွေကို တခြားလုပ်ငန်းနဲ့ အသုံးပြုနေတဲ့ လုပ်ငန်းတွေများစွာရှိပါတယ်။ အဲဒီအတွက်ကို ကျွန်မအနေနဲ့ အခြား လုပ်ငန်းများဆိုပြီးတော့ တိတိကျကျ ဖော်ပြစေလိုပါတယ်။

နောက်တစ်ခုကတော့ အဲဒီစာမျက်နှာ (၅)မှာပဲ စဉ် (၁၂)၊ (၄) မှာ ကျွန်မတို့ပေါ့နော်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၅ (က)မှာ ပုဒ်မခွဲ (ဃ)ကို အောက်ပါ အတိုင်း အစားထိုးရမည်။ (ဃ) မြို့များအလိုက် စိုးရိမ်ရေအမှတ် သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန် အတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလို့ ဒီအဆိုပြု ပြင်ဆင်ချက် မှာ ပြောထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ အဆိုပြုပြင်ဆင်ချက်အတိုင်း ဖြစ်ပါတယ်။ ကျွန်မ အနေနဲ့ကတော့ အဲဒီဟာကို အနည်းငယ်ပြင်ဆင် ဖြည့်စွက်ချင်ပါတယ်။ မြို့များအလိုက် စိုးရိမ်ရေ

အမှတ်များ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ ဒေသခံမှတ်သားသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒေသခံမှတ်သားသူကတော့ အင်္ဂလိပ်လိုဆိုရင် Community Observers ပါ။ ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်မတို့ကွင်းဆင်းပြီးတော့မှ ကျွန်မတို့ ဒီချောင်းတွေ၊ ကျွန်မတို့ဒေသမှာ ဆိုလို့ရှိရင်တော့ ဒီစစ်တောင်းမြစ်၊ တခြားချောင်းမြောင်းတွေ အများကြီးရှိပါတယ်။ အဲဒီမှာ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းက ကျွမ်းကျင်သူတွေဟာ အဲဒီဒေသမှာ အမြဲတမ်းရှိတဲ့သူတွေ မဟုတ်ပါဘူး။ သူတို့က ပြောင်းရွှေ့သွားလာနေတာ။ အဲ့ဒီတော့ ကျွန်မတို့ ဘာတွေ့ရလဲဆိုတော့ ဒေသခံတွေက သတ်မှတ်တဲ့သူတို့က အမြဲတမ်း ဒီရေနဲ့ ပတ်သက်ပြီးတော့ သူတို့ဟာအတွေ့အကြုံရှိတယ်၊ ဗဟုသုတရှိတယ်၊ ဘယ်အချိန်မှာ ရေကဘယ်လောက်အထိရောက်တယ်။ ဒါတွေကို သတ်မှတ်ထားတာရှိပါတယ်။ ကျွမ်းကျင် သူတွေရှိပါတယ်။ မှတ်သားထားတဲ့သူတွေ ရှိပါတယ်။ အဲဒီသူတွေရဲ့ဗဟုသုတကိုလည်း ကျွန်မအနေနဲ့ ထည့်သွင်းချင်တဲ့ အတွက်ကြောင့်မို့လို့ ဒေသခံမှတ်သားသူ ဆိုပြီးတော့မှ ကျွန်မအနေနဲ့ ထပ်မံဖြည့်စွက်စေလိုတာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၆)၊ (၁၄)မှာ ပုဒ်မခွဲ(ဃ)မှာလည်း ခုနကလိုပဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ ကျွန်မအနေနဲ့ အခြားလုပ်ငန်းများအတွက် ဆိုပြီးမှ ထပ်မံဖြည့်စွက်လိုပါတယ်။

နောက် စာမျက်နှာ(၇)မှာ ကျွန်မတို့ ဒီ ပုဒ်မ ၆ မှာပေါ့နော် ပြောထားတဲ့အထဲမှာ ကျွန်မအနေနဲ့ အနည်းငယ်ပြင်ဆင်ချင်ပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ဘာပြောထားသလဲဆိုရင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ မြစ်ရေအသုံးပြုခြင်းလုပ်ငန်းများ လုပ်ကိုင်ခွင့် လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်းဆိုတဲ့နေရာမှာ ကျွန်မအနေနဲ့ကတော့ လုပ်ငန်းများမှအပ အခြားလုပ်ငန်းများအတွက် မြစ်ရေအသုံးပြုခြင်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်းဆိုပြီးတော့ စာပိုပြီးတော့ချောဖို့အတွက် ပြင်ဆင်လိုပါတယ်။

နောက်တစ်ခု စာမျက်နှာ နံပါတ်(၈)ပေါ့နော်၊ ကျွန်မတို့ စဥ်(၁၇)မှာ ပုဒ်မခွဲ(ဃ)က ပုဒ်မ ၅၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်ဆိုတဲ့ နေရာမှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်မြေ၊ ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းများ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ရေလမ်းကြောင်းများ ထိခိုက်ခြင်း ရှိ/မရှိ စိစစ်၍ သဘောထားမှတ်ချက် ပေးခြင်းဆိုတာကို ကျွန်မအနေနဲ့ကတော့ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းများ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ ထိခိုက်ခြင်း ရှိ/မရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်းလို့ ပြင်ဆင်ချင်ပါတယ်။

ဘာကြောင့်လဲဆိုရင် အပေါ်မှာပြောထားတဲ့ မြစ်ချောင်းနယ်လို့ ပါတဲ့အတွက်ကြောင့်မို့လို့ ဒီ မြစ်ရေလမ်းကြောင်းဆိုရင် မပြည့်စုံပါဘူး၊ မြစ်ချောင်းနယ်လမ်းကြောင်းတို့ ထပ်မံပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ နောက်တစ်ခါ စိစစ်၍ သဘောထားမှတ်ချက်ပေးခြင်းဆိုတာမှာ ဘယ်သူကိုပေးမှာလဲဆိုတဲ့ အကြောင်းအရာမပါတဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းသို့ ထပ်မံ

ဖြည့်စွက်ချင်ပါတယ်။ အဲဒါလည်း အောက်က ဒီ ပုဒ်မတွေမှာ အဲဒီလိုပဲ ဖြည့်စွက်ထားတဲ့အတွက် ကြောင့်မို့လို့ ပြင်ထားတဲ့ဟာတွေနဲ့ ကိုက်ညီမှုရှိအောင်ပါ။

နောက်တစ်ချက်ကတော့ ကျွန်မတို့ ဒီစာမျက်နှာ(၉) စဥ်(၂၀)မှာ ဒီ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဆိုတဲ့နေရာမှာ ဒီ မြစ်ချောင်း နယ်၊ ကမ်းပါးနယ်မြေ၊ ကမ်းနားနယ် တို့တွင် စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာအသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေး ခြင်း၊ ဒါကတော့ ဝန်ကြီးဌာနရဲ့လုပ်ပိုင်ခွင့်ကို ပြောထားပါတယ်။ အဲဒီမှာ ကျွန်မအနေနဲ့တော့ ပြင်ချင် ပါတယ်။ ဒီပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဒီ ငါး၊ ပုစွန်၊ ကဏန်းပျော့နဲ့ အခြားမွေးမြူရေး လုပ်ငန်းတွေကို ဆောင်ရွက်ဖို့ မြေနေရာပေးဖို့ သူတို့မှာ ခွင့်ပြုချက်ထုတ်ပေးဖို့ မပေးသင့်ဘူးလို့ ကျွန်မအနေနဲ့ယူဆပါတယ်။ ဘာကြောင့်လို့လဲဆိုတော့ ဒီလုပ်ငန်းတွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့မှ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေ ဖြစ်တဲ့အတွက်ကြောင့် ကျွန်မ အနေနဲ့ ပြင်ဆင်ချင်ပါတယ်။ မြေနေရာအသုံးပြုခွင့်ကို စိစစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းသို့ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် သဘောထားမှတ်ချက်ပေးခြင်းလို့ ပြင်ဆင်ချင်ပါတယ်။

အဲဒီ စာမျက်နှာမှာပဲ (ဆ)၊ ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်လို့ အဆိုပြု ချက်အတိုင်းပဲ ပါပြီးတော့ ပြည်သူ့လွှတ်တော်ကတော့ အဆိုပြု ပြင်ဆင်ချက်အတိုင်း ပြင်ဆင်ပါတယ်။ အဲဒါကို ကျွန်မအနေနဲ့ ထပ်မံပြီးတော့ တချို့စာလုံးတွေကို ပယ်ဖျက်ပြီးတော့မှ တချို့ကိုဖြည့်စွက်ချင်ပါ တယ်။ အဲဒါကတော့ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်နဲ့ ဆက်စပ်ပြီးတော့ ရေအရင်းအမြစ် နှင့် မြစ်ချောင်းများ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ချက်အရ မြစ်ချောင်းများအတွင်း တိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာအား ဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် စီမံခန့်ခွဲပိုင်ခွင့် ရှိသည်လို့ အဆိုပြု ပြင်ဆင်ချက်မှာ ပြောပြီးတော့ ပြည်သူ့လွှတ်တော်က အဲဒီလိုပဲ အတည်ပြုထားပါ တယ်။ ကျွန်မအနေနဲ့ ဒီမှာဆွေးနွေးချင်တာကတော့ မြစ်ချောင်းတွေတိုးပြီးတော့ မြေဖို့တဲ့အတွက် ကြောင့်မို့လို့ ရေပြင်တွေဟာ မြေဧရိယာဖြစ်လာလို့ရှိရင် ဒီ ဧရိယာတွေဟာ သက်ဆိုင်ရာ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဒါ စီမံခန့်ခွဲပိုင်ခွင့်နှင့် လမ်းညွှန်မှုရှိတယ်ဆိုတာ ကျွန်မအနေနဲ့ ဒါက မဖြစ်သင့်ဘူးလို့ မြင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီ တိုးချဲ့၍ မြေပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားပြီး နိုင်ငံတော်ပိုင်မြေအဖြစ် အပ်နှံရမည်လို့ ပြင်ဆင်ချင်ပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်မတို့ ဥပဒေအရလည်း ဒီလိုမျိုးပေါ့၊ ဝန်ကြီး ဌာနကနေပြီး ဆောင်ရွက်လိုက်လို့ လုပ်ငန်းတွေဖြစ်တယ်ဆိုရင် ဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနဲ့ စီမံခန့်ခွဲမှု မျိုးမဟုတ်ဘဲနဲ့ ဒီမြေဟာ နိုင်ငံတော်ပိုင်မြေအဖြစ် သုံးပြီးတော့ နိုင်ငံတော်မှ သက်ဆိုင်ရာဝန်ကြီးဌာန အနေနဲ့ပေါ့နော်၊ ဒါ ဘယ်လို လိုအပ်တဲ့အပေါ်မှာ မူတည်ပြီးမှ စီမံခန့်ခွဲရမှာ ဖြစ်ပါတယ်။

စာမျက်နှာ(၁၀)၊ စဥ်(၂၃) (ဂ)မှာဆိုလို့ရှိရင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်း ရေး ပုဒ်မ ၁၅ ကို အစားထိုးထားပါတယ်။ အဆိုပြုပြင်ဆင်ချက်အတိုင်းပဲ ပြည်သူ့လွှတ်တော်က အတည်ပြုထားပါတယ်။ အဲဒီမှာ ကျွန်မအနေနဲ့ ဒီရှေ့မှာ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)မှာ ပြင်ဆင်ထားတဲ့ အတိုင်း ပြည်သူ့လွှတ်တော်ကလည်း ပြင်ဆင်ထားတာနဲ့ ကိုက်ညီအောင်လို့ လွှန်းလမ်း၊ သင်္ဘောကျင်း၊

ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဖောတံတား၊ ရေဆင်း တံတားဆောက်လုပ်ခြင်း၊ ရေဆင်းလမ်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊ ယာယီမြစ်ကူး ချောင်းကူးတံတား ဆောက်လုပ်ခြင်းဆိုပြီးတော့ ထပ်မံဖြည့်စွက်ချင်ပါတယ်။ မူလအဆိုပြု ပြဋ္ဌာန်းချက်မှာတော့ ရေဆင်းလမ်းနဲ့ မြောင်းဖော်ခြင်းဆိုတာ မပါ ပါဘူး။ အဲဒါဟာ ရှေ့မှာလည်း ပြည်သူ့လွှတ်တော်က ပြင်ထားတဲ့ ခုနက ကျွန်မပြောသလိုပဲ ပုဒ်မ ၆ မှာ ပြင်ထားတဲ့ စာသားတွေနဲ့ ကိုက်ညီမှုရှိအောင်လို့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ကျွန်မရဲ့ ဆွေးနွေးချက်က ဒီမှာပဲ ပြီးဆုံးပါပြီ။ အဲဒီတော့ ကျွန်မအနေနဲ့ ပယ်ဖျက်တဲ့ ပုဒ်မ (၂)ခုနဲ့ ပြင်ဆင်ဖြည့်စွက်တဲ့ အခြားပုဒ်မများကို ဆွေးနွေးခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် ပဉ္စမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အာရှဖွံ့ဖြိုးရေး ဘဏ်က တာဝန်ရှိသူများကပြုလုပ်မယ့် ကုမ္ပဏီများ လူမွဲခံခြင်း ဥပဒေနဲ့စပ်လျဉ်းတဲ့ ဗွီဒီယို တင်ဆက်မှုနဲ့ ဆွေးနွေးပွဲကို ယနေ့ နေ့လယ်(၁)နာရီမှာ အမျိုးသားလွှတ်တော် ၂ ဆောင်၊ ထမင်းစားခန်းမှာ ပြုလုပ်မှာ ဖြစ်ပါတယ်ခင်ဗျား။ စိတ်ပါဝင်စားသူ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်နိုင်ပါကြောင်း ...ာင်ပြအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]